## လျှောက်လွှာများ ခေါ်ယူခြင်း

## *ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း*

## မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသရှိ

## ရပ်ရွာလူထု စွမ်းရည် မြှင့်တင်ခြင်း (ACE) စီမံကိန်း

**RFA နံပါတ်:** ACE-P4795-20-4

**ထုတ်ပြန်သည့် နေ့စွဲ:** ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့

**ထောက်ပံ့ကြေး လျှောက်ထားသူများ၏ (ကွန်ဖရင့်) ဆွေးနွေးပွဲ:** ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့

**မေးခွန်းများ လက်ခံမည့် နောက်ဆုံးရက်:** ၂၀၂၀ ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့

မေးခွန်းများနှင့် လျှောက်လွှာများကို myanmargrants@pactworld.org သို့ အီးမေးလ်မှ တဆင့် ပေးပို့နိုင်ပါသည်။

**လျှောက်လွှာ ပိတ်သည့်ရက်:** ၂၀၂၀ ခုနှစ် နိုဝင်ဘာ ၇ ရက်နေ့

(နည်းပညာ အဆိုပြုချက်နှင့် လျာထား ရန်ပုံငွေများ ပါဝင်သည့်) လျှောက်လွှာများအား ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်၊ ညနေ ၅ နာရီ (5:00pm) အချိန်ကို နောက်ဆုံးထား၍ myanmargrants@pactworld.org သို့ အီးမေးလ် မှတဆင့် ပေးပို့ရမည် ဖြစ်သည်။ အီးမေးလ်များ ပေးပို့ရာတွင် အကြောင်းအရာ (subject) နေရာ၌ ***"RFA_ ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ကာကွယ် စောင့်ရှောက်ခြင်း - လျှောက်လွှာ တင်သွင်းသည့် အဖွဲ့အစည်းအမည်"*** ဟု ရေးသား ဖော်ပြရမည် ဖြစ်သည်။

**ဆုကြေးငွေ ချပေးမည့်ရက်:** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့

## ၁။ Pact ၏ နောက်ခံ အကြောင်းအရာ

Pact သည် ၁၉၇၁ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သော အကျိုးအမြတ် မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေး အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ နိုင်ငံပေါင်း ၄၀ နီးပါးတွင် လက်တွေ့ လုပ်ဆောင်နေပြီး ဆင်းရဲ မွဲတေမှုနှင့် ဘေးဖယ်ခံထားရသူများ၏ ဘဝများ တိုးတက်ရေး အတွက် လုပ်ဆောင်လျက် ရှိသည်။ Pact ၏ နှလုံးအစဉ်မှာ ပိုမို ကောင်းမွန်သော မနက်ဖြန်ကို ဆောင်ကျဉ်းပေးရန် ဖြစ်သည်။ Pact သည် လူများ အားလုံးက ကြားသိပြီး၊ စွမ်းဆောင်နိုင်သည့် တက်ကြွသော ကမ္ဘာ တစ်ခုအတွက် ကြိုးပမ်း ဆောင်ရွက်သည်။ Pact သည် ဘက်ပေါင်းစုံ ဖွံ့ဖြိုး တိုးတက်မှုအတွက် အသိအမှတ် ပြုခံရသော ခေါင်းဆောင် တစ်ယောက် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဘက်ပေါင်းစုံ ချဉ်းကပ်မှုသည် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ဒေသ ဆိုင်ရာ လိုအပ်ချက်များ နှင့်အညီ အမြဲတစေ ဖြေရှင်းရန် ရည်ရွယ်ချက်ရှိရှိ ပေါင်းစပ်ထားသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ရေရှည် တည်တံ့ခိုင်မြဲသော အောင်မြင်မှုအတွက် ပတ်ဝန်းကျင် တစ်ခုကို တည်ဆောက်ရန် စနစ်ကျသည့် ပြောင်းလဲမှုကို ဦးတည် ဆောင်ရွက်သည်။ Pact သည် မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ် ကတည်းက စတင် လုပ်ဆောင်ခဲ့သည်။

## ၂။ ရည်ရွယ်ချက် ဖော်ပြချက်

USAID မှ ချီးမြှင့်သည့် AID-482-A-17-00001 ခွင့်ပြုချက်အရ Pact သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသရှိ ရပ်ရွာလူထု စွမ်းရည် မြှင့်တင်ခြင်း(ACE)ကို အကောင်အထည် ဖော်ဆောင်ရွက်ရန် အတွက် ရန်ပုံငွေ တောင်းခံသည့် လျှောက်လွှာများ (RFA)ကို တင်သွင်းနိုင်ရန် ထုတ်ပြန် ကြေငြာလိုက်ပါသည်။ ACE သည် ဒေသတွင်းရှိ ဆုံးဖြတ်ချက်ရမည့် လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ရန် ထိခိုက်နစ်နာ လွယ်သော လူထု အသိုင်းအဝိုင်းများအား စွမ်းဆောင်ရည် မြှင့်တင်ပေးရေး ရည်မှန်းချက်ဖြင့် ပေါင်းစည်းထားသည့် ရပ်ရွာလူထု ဖွံ့ဖြိုးရေး စီမံကိန်းတစ်ခု ဖြစ်သည်။ စိတ်ဝင်စားသော၊ အရည်အချင်း ပြည့်မီသော၊ လက်လှမ်းမီသည့် အဖွဲ့အစည်းများ အားလုံး ရန်ပုံငွေ လျှောက်လွှာတင်ရန် မျှတသော အခွင့်အလမ်း ရှိကြောင်း သေချာစေရန် အတွက် ဤ RFA ကို အများပြည်သူ အသိပေးချက်အဖြစ် ထုတ်ပြန်ခြင်း ဖြစ်သည်။ ဤ RFA ၏ ရည်ရွယ်ချက်များ အတွက် "အဖွဲ့အစည်းများ" ကို အကျိုးအမြတ် မယူသော၊ အစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ (NGOs)၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ (CSOs)၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ (CBOs)၊ သို့မဟုတ် ဘာသာရေး အခြေပြု အဖွဲ့အစည်းများ (FBOs) အဖြစ် သတ်မှတ်ထားသည်။

ACE သည် **မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများသည် ဆုံးဖြတ်ချခြင်း လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်လာစေလိုသော ရည်မှန်းချက်ဖြင့် ဒေသတွင်းရှိ လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ကာကွယ် စောင့်ရှောက်ခြင်း** လှုပ်ရှားမှုများအတွက် ရန်ပုံငွေ ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ ACE သည် **အများဆုံး ၁နှစ်** အထိ ဆုပေါင်း များစွာကို **အမေရိကန် ဒေါ်လာ**

**၁၀၀,၀၀၀** တန်ဖိုးအထိ ပေးအပ်ရန် မျှော်လင့်ထားသည်။ RFA အတွက် ရန်ပုံငွေ စုစုပေါင်း ခန့်မှန်းခြေအားဖြင့် အမေရိကန် ဒေါ်လာ ၁၀၀,၀၇၀ အထိ ပေးအပ်ရန် လျာထားပါသည်။ သို့သော် ACE တွင် RFA ၏ ပမာဏ၊ အမြင့်ဆုံး ဆုကြေးငွေခွဲများ သတ်မှတ်ခြင်းနှင့် လုပ်ဆောင်ချက် အချိန်ဇယားများ ရေးဆွဲခြင်း သို့မဟုတ် ဆုကြေးငွေခွဲများ လုံးဝ ထုတ်မပေးရန် ဆုံးဖြတ်ခြင်းတို့ကို လုပ်ပိုင်ခွင့် ရှိသည်။

## ၃။ အစီအစဉ်ဖော်ပြချက်

### ၃.၁ အစီအစဉ်၏ နောက်ခံအကြောင်းအရာ

အမေရိကန် ပြည်ထောင်စု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီ (USAID)မှ ငွေကြေးပံ့ပိုး ပေးထားသော **မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသရှိ ရပ်ရွာလူထု စွမ်းရည်မြှင့်တင်ခြင်း (ACE)** လုပ်ငန်း သည် လူထု၏ ထိခိုက် နစ်နာမှုများကို လျှော့ကျစေခြင်း၊ ဆုံးဖြတ်ချက်ခြင်းတွင် ရပ်ရွာလူထုပါဝင်မှု အားကောင်းစေခြင်းနှင့် ပိုမိုထိရောက်ပြီး၊ တာဝန်ခံနိုင်သော ဒေသန္တရ အုပ်ချုပ်မှု စနစ်များအတွက် အားဖြည့်ခြင်းအားဖြင့် ရပ်ရွာလူထု အသိုင်းအဝိုင်းများ၏ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်သည်။ ACE ကို Pactမှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းအဖွဲ့များ ဖြစ်သော Mercy Corps, Community Partners International, နှင့် Save the Children တို့နှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက် သည်။ စီမံကိန်းသည် ဒေသခံအဖွဲ့အစည်းများ၊ ဝန်ဆောင်မှု ပေးသူများနှင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲကာ ရပ်ရွာလူထု ဖွံ့ဖြိုးရေး ဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်။

ACE သည် ဒေသတွင်း ဦးစားပေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊ ဒေသခံတို့၏ ပူးပေါင်းပါဝင်မှု နှင့် ခေါင်းဆောင်နိုင်မှုကို မြှင့်တင်ရန် နှင့် ရပ်ရွာလူထုများ၊ ဝန်ဆောင်မှု ပေးသူများနှင့် အုပ်ချုပ်မှုစနစ်များ အကြား ဆက်သွယ်မှုများ ဖန်တီးပေးရန် အတွက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများကို အသုံးပြုသည်။ စီမံကိန်း၏ ပန်းတိုင်မှာ ထိခိုက်နစ်နာ လွယ်သော ရပ်ရွာလူထုများအား ဒေသတွင်း ဆုံးဖြတ်ချက် ချမှတ်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်အောင် စွမ်းရည် မြှင့်တင်ပေးခြင်း ဖြစ်သည်။ ACE သည် ရည်မှန်းချက် သုံးခုဖြင့် ပန်းတိုင်သို့ ရောက်ရှိရန် ရည်ရွယ်သည်။

- ရပ်ရွာ လူထုတို့၏ ထိခိုက် နစ်နာမှုများကို လျှော့ချခြင်း၊
- ရပ်ရွာ လူထုတို့၏ ပါဝင် ဆောင်ရွက်မှု အားကောင်းအောင် လုပ်ခြင်း၊
- ဒေသန္တရ အုပ်ချုပ်ရေး စနစ်များကို အားဖြည့်ပေးခြင်း

## ၃.၂ ပထဝီဝင် ဧရိယာ

ဤ RFA ၏ ပထဝီဝင် ဧရိယာမှာ မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဖြစ်သည်။ ACE သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ကယား ပြည်နယ်၊ ကရင် ပြည်နယ်၊ မွန် ပြည်နယ်၊ ရှမ်း ပြည်နယ် တောင်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး မြောက်ပိုင်း နှင့် ပဲခူး တိုင်းဒေသကြီး အရှေ့ပိုင်း ဟူ၍ သတ်မှတ်ထားသည်။ ဤပထဝီ ဧရိယာများရှိ ထိခိုက်နစ်နာလွယ်သော လူမှု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို တိုးတက်အောင် ဆောင်ရွက်ရန် ဆန္ဒရှိသည့် သူတိုင်းအား ဤ RFA မှတဆင့် အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်သည်။

ACE သည် အောက်ပါ မြို့နယ်များ အတွင်း တိုက်ရိုက် အကောင်အထည်ဖော် ဆောင်ရွက်သည် - ဒီမောဆိုး - ဖရူးဆိုး - ဖားဆောင်း (ကယား ပြည်နယ်)၊ ဖယ်ခုံ (ရှမ်း ပြည်နယ် တောင်ပိုင်း)၊ လှိုင်းဘွဲ့ - ကြာအင်းဆိပ် ကြီး - သံတောင်ကြီး (ကရင် ပြည်နယ်)၊ နှင့် သံဖြူဇရပ် (မွန် ပြည်နယ်) တို့ ဖြစ်သည်။ Pact သည် အခြား ACE၏ လုပ်ရှားမှုများ နှင့် မိတ်ဖက်များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းသည် အပြန်အလှန် အကျိုးပြုနိုင်ပြီး၊ ဘေးဖယ် ခံထားရပြီး လုံခြုံမှု မရှိသော လူ့အသိုင်းအဝိုင်းများကို ဦးတည် ကြိုးပမ်းမှုများအား အထောက်အကူ ဖြစ်စေမည့် အဆိုပြု လုပ်ငန်းများ (မဖြစ်မနေ မလိုအပ်သော်လည်း) ရှိပါက ဖိတ်ခေါ်ပါသည်။

## ၃.၃ ရည်ရွယ်ထားသည့် သက်ရောက်မှု

ဤ RFA မှတဆင့် Pact သည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ထိခိုက် နစ်နာလွယ်သော ရပ်ရွာ လူထုများ ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်မှု အားကောင်းလာစေခြင်းဖြင့်၊ လူ့အသိုင်းအဝိုင်းများအား ဒေသတွင်း ဆုံးဖြတ်ချက်ချသည့် ကိစ္စရပ်များတွင် ပါဝင်နိုင်သည့် စွမ်းရည်များ မြှင့်တက်လာအောင် ဦးတည်သည့် ဆောင်ရွက်ချက်များကို ရန်ပုံငွေ ပံ့ပိုးပေးမည် ဖြစ်သည်။ လှုပ်ရှားမှုများသည် ပိုမို ထိရောက်သော နှင့် အားလုံး ပါဝင်သည့် ဆုံးဖြတ်ချက်ချခြင်းများ မှတဆင့် ထိခိုက် နစ်နယ်လွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို အကာအကွယ်ပေးရန် ရည်ရွယ်သည့် အကျိုး သက်ရောက်မှု ရှိသင့်သည်။

လှုပ်ရှားမှုများသည် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားသော နိုင်ငံသားနှင့် နိုင်ငံရေး ဆိုင်ရာ အခွင့်အရေး များ အပြင် စီးပွါးရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှု အခွင့်အရေးများ ပါဝင်သော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စ ရပ်များ အပေါ် အာရုံစိုက်သင့်သည်။ ထို့အပြင် ကလေးသူငယ်များနှင့် မသန်စွမ်းသူများ ကဲ့သို့သော ထိခိုက် နစ်နာလွယ်သည့် လူနည်းစုများ အတွက် အခွင့်အရေးများအား ကာကွယ်ရန်လည်း ပါဝင်သည်။ လှုပ်ရှားမှုများသည် လူ့အခွင့်အရေးကို ပိုမို လေးစားခြင်း၊ ကာကွယ်ခြင်းနှင့် ဖြည့်ဆည်းခြင်း၊ နှင့် အခွင့်အရေးများကို ချိုးဖောက်ခြင်း သို့မဟုတ် ထိပါးခြင်းများအား ဖြေရှင်းရန်အတွက် ထောက်ခံ အားပေး

သင့်သည်။ ဤ လုပ်ရှားမှုများသည် ACE ၏ ရည်မှန်းချက် ဖြစ်သည့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း ဒေသတွင် ပိုမို ထိရောက်သော နှင့် အားလုံး ပါဝင်သည့် ဒေသဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း အတွက် အထောက်အကူ ပြုလိမ့်မည်။

ရန်ပုံငွေပေးအပ်မည့် လုပ်ဆောင်ချက်များ အတွက် ရည်ရွယ်ထားသည့် သက်ရောက်မှုများမှာ-

*ဝန်ဆောင်မှုများအား လက်လှမ်းမှီမှုတွင်*

- ဒေသခံ ခေါင်းဆောင်များနှင့် တိုင်းရင်းသား လူမျိုးစုများ အကြား ကျန်းမာရေး၊ ပညာရေး၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် လူမှု ကာကွယ် စောင့်ရှောက်မှု အခွင့်အရေးများ ဖြည့်ဆည်းရန် ပိုမို ကြီးမားသော အထောက်အပံ့ကောင်းများ ဖြစ်စေမှု။
- အခြေခံ အထောက်အထား စာရွက် စာတမ်းများနှင့် / သို့မဟုတ် အခြေခံ ဝန်ဆောင်မှုများကို ထိခိုက် နစ်နာလွယ်သော ရပ်ရွာလူထု အသိုင်းအဝိုင်းများမှ လက်လှမ်းမီမှု ပိုမိုတိုးတက် လာခဲ့သည်။
- ပဋိပက္ခ ဒဏ်ခံရပြီး၊ အိုးအိမ်စွန့်ခွာ တိမ်းရှောင်နေသော အရှေ့တောင်ပိုင်းရှိ ရပ်ရွာလူထု အသိုင်း အဝိုင်းများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ပိုမိုအားကောင်းသည့် စည်းရုံးလှုံ့ဆော်မှု နှင့် ၎င်းတို့၏ လိုအပ်ချက်များအား တုန့်ပြန်ဆောင်ရွက်မှု ပိုမို တိုးတက်ကောင်းမွန်လာခဲ့သည်။

*မြေယာ အခွင့်အရေးများတွင်*

- မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းရှိ ရိုးရာ သို့မဟုတ် ဌာနေ မြေယာ အခွင့်အရေးများကို သက်သေ အထောက်အထားများဖြင့် ထောက်ခံပေးခြင်းဖြင့် ပိုမို ကောင်းမွန်စွာ ကာကွယ်နိုင်ခဲ့သည်။
- IDP များအပါအဝင် တိုင်းရင်းသား လူမျိုးစုများ ၎င်းတို့၏ မြေယာ ပိုင်ဆိုင်မှု အခွင့်အရေးများ နှင့် အသက်မွေး ဝမ်းကျောင်းမှုများကို ပြန်လည် ထူထောင်ရန် အတွက် တရားမျှတမှုကို ပိုမိုရရှိစေ ခဲ့သည်။

*အားလုံး ပါဝင်နိုင်သော ဖွံ့ဖြိုး တိုးတက်မှုတွင်*

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ဒေသခံ လူထုများ၏ အခွင့်အရေးများ အပေါ် အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းများ၏ သက်ရောက်မှုများနှင့် ထိုသက်ရောက်မှုများကို လျှော့ချရန် မဟာဗျူဟာများအပေါ် ပိုမို သိမြင်နားလည်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း။

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ ထိခိုက် နစ်နာလွယ်သည့် ရပ်ရွာ လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန် ပိုမို ထိရောက်ပြီး၊ အားလုံး ပါဝင်နိုင်သည့် ဒေသတွင်း ဆုံးဖြတ် ချက်ချခြင်း။
- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင် ၎င်းတို့ ဝန်ဆောင်မှုပေးသော ရပ်ရွာလူထု အသိုင်းအဝိုင်းများ ၏ အခွင့်အရေးများကို လေးစား ကာကွယ်သည့် ဒေသန္တရ အုပ်ချုပ်မှု စနစ်များကို အားကောင်းစေခဲ့သည်။

*လူ့အခွင့်အရေးများအား ထောက်ခံ အားပေးမှုတွင်*

- ရပ်ရွာလူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် အတွက် သတင်း အချက်အလက် နှင့် သက်သေ အထောက်အထား အခြေပြု ထောက်ခံ အားပေးမှု မဟာဗျူဟာ များကို ပိုမိုလက်လှမ်းမီ ရရှိရန်။
- လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် အသနား ခံစာတင်ခြင်း တို့အတွက် အခွင့်အရေးများကို ပိုမို သိရှိခြင်းနှင့် ကာကွယ်စောင့်ရှောက်ရန်။
- ဒေသခံ ခေါင်းဆောင်များ နှင့် ဆုံးဖြတ်ချက်ချသူများ နှင့်အတူ မိမိတို့၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် ထိခိုက်လွယ်သော ရပ်ရွာလူထုများအား ပံ့ပိုးပေးထားပြီး၊ ပိုမိုကြီးမားသော အေဂျင်စီမှ ထောက်ခံ အားပေးမှုကို ရရှိသည်။

လျှောက်ထားသူများသည် ဤဖော်ပြပါ သက်ရောက်မှု များကိုသာ ရရှိရမည်ဟု ကန့်သတ်ထားခြင်း မရှိပါ။ လျှောက်ထားသူသည် အရှေ့တောင်ပိုင်းရှိ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ ပြဿနာ အဆိုပြုချက် တစ်ခုကို ရှင်းလင်း ပြတ်သားစွာဖော်ပြရန်နှင့်၊ အဆိုပြု လုပ်ဆောင်ချက်မှ ရရှိလာမည့် သင့်လျော်သည့် ပြောင်းလဲမှု သီအိုရီနှင့် လက်တွေ့ကျသည့် သက်ရောက်မှု မျှော်လင့်ချက် များကို တင်ပြရန် မျှော်လင့်သည်။

## ၃.၄ ရည်ရွယ် ပစ်မှတ်ထားသည့် ပရိတ်သတ်များ

လုပ်ဆောင်ချက်များတွင် မြန်မာနိုင်ငံ အရှေ့ တောင်ပိုင်းရှိ ထိခိုက်နစ်နာ လွယ်သည့် လူထု အသိုင်းအဝိုင်းကို ဦးတည်ရမည် ဖြစ်ပြီး၊ လုပ်ငန်းစဉ်အတွက် အရေးပါသည့် ဆောင်ရွက်သူများကို အခြားဦးတည်သည့် သူများအနေဖြင့် ထည့်သွင်းနိုင်သည်။ လျှောက်ထားသူများသည် ၎င်းတို့၏ လျှောက်လွှာများထဲတွင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ အများအပြားကို ထည့်သွင်းရေးသားရန်

**<u>မလိုအပ်ပါ</u>**။ မည်သို့ပင် ဆိုစေကာမူ ဤကိစ္စရပ်များသည် အပြန်အလှန် ဆက်စပ်မှု၊ အပြန်အလှန် အမှီသဟဲပြုမှု ရှိနိုင်ပြီး၊ လျှောက်ထားသူများသည် အုပ်ချုပ်မှုနှင့် ရပိုင်ခွင့်များသည် မည်ကဲ့သို့ ဆက်စပ်နေသည် နှင့် ဘေးဖယ်ခံထားရသော အုပ်စုများ ပါဝင်သော လုပ်ဆောင်ချက်များအား မည်ကဲ့သို့ ဒီဇိုင်း ရေးဆွဲရမည်ကို ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

## ၃.၅ အစီအစဉ်တွင် ချီးမြှင့်ဆု ရရှိသူ၏ တာဝန်ယူရမည့် အခန်းကဏ္ဍ

လျှောက်ထားသူသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှု တိုးတက်စေရေး ပံ့ပိုးပေးသည့် ဦးဆောင်လှုပ်ရှားမှုများ အတွက် တာဝန်ရှိပြီး သို့မှသာ ၎င်းတို့အနေဖြင့် ဒေသတွင်း ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်နိုင်မည် ဖြစ်သည်။ အထူးသဖြင့် လှုပ်ရှားမှုများသည် ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် အုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် လူထု ပူးပေါင်းပါဝင် ဆုံးဖြတ်ချက်ချနိုင်စွမ်းကို အားကောင်းစေရန်အတွက် ဒေသခံများနှင့် ဒေသခံ အာဏာပိုင်များ အကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်သင့်သည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖော်ပြပါကဏ္ဍများကိုသာ ကန့်သတ်ထားခြင်း မဟုတ်သော်လည်း၊ လှုပ်ရှားမှုများအား အကောင်အထည်ဖော်ရာတွင် ACE ၏ ကဏ္ဍအလိုက် ဦးတည်ချက်များ ဖြစ်သည့် ကျန်းမာရေး/WASH၊ ပညာရေး၊ အသက်မွေး ဝမ်းကျောင်းမှုများ နှင့် သဘာဝ ဘေးအန္တရာယ် လျှော့ချခြင်းကို ထည့်သွင်း စဉ်းစားသင့် သည်။

ထိုလုပ်ဆောင်ချက်များတွင် လုပ်ဆောင်ချက် သုသေတန၊ မူဝါဒ ထောက်ခံ အားပေးမှု၊ လူထု ပညာပေး၊ ခေါင်းဆောင်မှု သင်တန်း၊ အားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ရေးဆွဲခြင်း၊ အားလုံးပါဝင်သည့် ရန်ပုံငွေ ရေးဆွဲခြင်း၊ ပူးပေါင်း ဆောင်ရွက်မှုများ၊ ကွန်ယက် ချိတ်ဆက်မှု၊ စွမ်းရည် တည်ဆောက်ခြင်း၊ လူမှု ပေါင်းစည်းပါဝင်မှု၊ အသိအမြင် မြှင့်တင်ရေး၊ တွေ့ဆုံ ဆွေးနွေးရေး သို့မဟုတ် အခြား သက်ဆိုင်သည့် လုပ်ဆောင်ချက်များ ပါဝင်နိုင်ပြီး၊ အဆိုပါ အချက်များကိုသာ ဆောင်ရွက်ရမည်ဟု ကန့်သတ်ထားခြင်း မရှိပါ။ လျှောက်ထားသူသည် အထူးသဖြင့် ထိခိုက်နစ်နာလွယ်သော အုပ်စုများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရာတွင် ကြုံတွေ့ရသည့် အတားအဆီးများနှင့် ပတ်သက်သည့် ပြဿနာအဆိုပြုချက် တစ်ခု ကို ရှင်းလင်း ပြတ်သားစွာ ဖော်ပြရန်နှင့်၊ အဆိုပြုလုပ်ဆောင်ချက်မှ ရရှိလာမည့် သင့်လျော်သည့် ပြောင်းလဲမှု သီအိုရီတစ်ခု နှင့် လက်တွေ့ကျသည့် သက်ရောက်မှု မျှော်လင့်ချက်များကို တင်ပြရန် မျှော်လင့်ပါသည်။

ပုံဆောင် လှုပ်ရှားမှုများတွင် ပါဝင်နိုင်သည်မှာ:

*ဝန်ဆောင်မှုများအား လက်လှမ်းမီမှုတွင်*

- ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ဝန်ဆောင်မှုများကို ထိခိုက် နစ်နာလွယ်သော လူမှု အသိုင်းအဝိုင်းများ ပိုမို ကောင်းမွန်စွာ လက်လှမ်းမီစေရေး ဆောင်ရွက်ခဲ့သည်။
- ဘေးဖယ်ခံထားရသော အရှေ့ တောင်ပိုင်းရှိ လူမှု အသိုင်းအဝိုင်းများမှ လိုအပ်သော ဝန်ဆောင်မှုများ တိုးမြှင့်ခြင်းနှင့် လူမှုစီးပွားရေး အခွင့်အရေးများကို ဖြည့်ဆည်းရေး အတွက် အရေးပေါ် အစီအစဉ်များကို အကောင်အထည် ဖော်ရန် အစိုးရနှင့် တိုင်းရင်းသား အာဏာပိုင်များအား ထောက်ခံ အားပေးခြင်း။
- တိုးတက် ကောင်းမွန်သော လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် သဘာဝဘေး အန္တရာယ် တုံ့ပြန်ရေး ဝန်ဆောင်မှုများ အတွက် ဒေသခံ အစိုးရနှင့် အစိုးရ မဟုတ်သော အာဏာပိုင်များအား စည်းရုံးလှုံ့ဆော် နိုင်ရန် ဒေသခံ ရပ်ရွာလူထုများအား ပံ့ပိုးပေးခြင်း။
- မွေးစာရင်း၊ လက်ထပ် ထိမ်းမြားမှု၊ အမျိုးသား မှတ်ပုံတင် ကဒ်ပြား စသည်တို့အတွက် တရားဝင် အထောက်အထား စာရွက်စာတမ်းများ ရရှိနိုင်ရန် ထိခိုက် နစ်နာ လွယ်သော ရပ်ရွာလူထုများအား အကူအညီပေးခြင်း။
- လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် အသနား ခံစာတင်ခြင်းတို့နှင့် ပတ်သက်၍ ဒေသခံ အဖွဲ့အစည်းများနှင့် ခေါင်းဆောင်များမှ ပိုမိုနားလည် သဘောပေါက်ရန်နှင့် ပိုမို ကောင်းမွန်သည့် ဝန်ဆောင်မှုများ ရရှိစေရန် အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ခြင်းအား အကူအညီပေးခြင်း။

*မြေယာ အခွင့်အရေးများတွင်*

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဥပဒေ (VFV)၊ အမျိုးသား မြေအသုံးချမှု မူဝါဒ၊ ဓလေ့ထုံးတမ်း ဥပဒေများနှင့် အရှေ့တောင်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ မြေယာ မူဝါဒများ ကဲ့သို့သော မြေယာ ပိုင်ဆိုင်မှု ဆိုင်ရာ လုပ်ဆောင်ချက် သုတေသနနှင့် စည်းရုံး လှုံ့ဆော်မှု။

- လူမှုရေး စံနှုန်းများနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ နှင့်အညီ ရပ်ရွာလူထု ကြိုးဝိုင်း သစ်တောများ ကဲ့သို့သော ပတ်ဝန်းကျင် ကာကွယ်ရေးကို တိုးတက်ကောင်းမွန်စေရန် မူဝါဒများကို မြှင့်တင်ခြင်း။
- တိုင်းရင်းသား လယ်သမားများနှင့် IDPs များကို မောင်းထုတ်ခြင်းနှင့် မြေယာ သိမ်းဆည်းမှုများမှ ကာကွယ်ရန် တရားမျှတရေးနှင့် သက်သေ အထောက်အထားများအား အခြေခံသည့် ထောက်ခံ လှုံ့ဆော်မှုကို လက်လှမ်းမီ ရရှိစေခြင်း။

*အားလုံး ပါဝင်နိုင်သော ဖွံ့ဖြိုး တိုးတက်မှုတွင်*

- အရှေ့တောင်ပိုင်းရှိ ဒေသခံလူမှု အသိုင်းအဝိုင်းများ၏ အပေါ်တွင် ကြီးမားသော စီမံကိန်းများ၊ ဆည်များ၊ အထူး စီးပွားရေးဇုန်များ၊ လမ်းများနှင့် အခြား ဖွံ့ဖြိုးရေး စီမံကိန်းများ၏ သက်ရောက်မှု များကို ပိုမို သဘောပေါက် နားလည်လာစေခြင်း။
- အခမဲ့ ကြိုတင် အသိပေး သဘောတူညီချက် (FPIC) မှတဆင့် ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများနှင့် ပတ်သက်၍ ရပ်ရွာလူထုနှင့် ပုဂ္ဂလိကကဏ္ဍ တိုင်ပင် ဆွေးနွေးမှုများ တိုးမြှင့်ခဲ့သည်။
- အရှေ့တောင်ပိုင်းရှိ ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများအပေါ် သယံဇာတ ထုတ်ယူမှု လုပ်ငန်းများ၏ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အသက်မွေး ဝမ်းကျောင်းမှုနှင့် သဘာဝ ဘေးအန္တရာယ်များ အပေါ် အကျိုးသက်ရောက်မှုကို ခွဲခြမ်း စိတ်ဖြာခြင်းနှင့် စည်းရုံး လှုံ့ဆော်ခြင်း။
- စည်းရုံး လှုံ့ဆော်ခြင်းဖြင့် အမျိုးသား ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ရေးဆွဲခြင်း၊ မူဝါဒ ချမှတ်ခြင်းနှင့် ရန်ပုံငွေ ရေးဆွဲခြင်းတို့တွင် တိုင်းရင်းသား ပညာရေးနှင့် ကျန်းမာရေး စနစ်များ ထည့်သွင်း နိုင်ခဲ့သည်။

လျှောက်ထားသူများသည် အထက်ဖော်ပြပါ လုပ်ရှားမှုများကိုသာ ဆောင်ရွက်ရမည်ဟု ကန့်သတ်ထား ခြင်း မရှိပါ။ လျှောက်ထားသူများသည် အရှေ့တောင်ပိုင်းရှိ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ခြင်း နှင့် ပတ်သက်သည့် ရှင်းလင်း ပြတ်သားသော ပြဿနာ အဆိုပြုချက် တစ်ခုကို ဖော်ပြရန်နှင့်၊ အဆိုပြု လုပ်ဆောင်ချက်မှ ရရှိလာသော သင့်လျော်သည့် ပြောင်းလဲမှု သီအိုရီနှင့် လက်တွေ့ကျသော မျှော်လင့်ထားသည့် သက်ရောက်မှုများကို တင်ပြရန် မျှော်လင့်သည်။

## ၃.၆ မိတ်ဖက်အဖွဲ့များအတွက် အစီအစဉ် အညွှန်းကိန်းများနှင့် အချက်အလက်များကို အစီရင်ခံခြင်း

စီမံကိန်းတွင် မျှော်လင့်ထားသည့် ရလာဒ်များရရှိခြင်း ရှိမရှိကို ACE မှ အကဲဖြတ်မည့်၊ အစီအစဉ်၏ ရလာဒ်များကို ရရန်နိုင်ရန် လျှောက်ထားသူများမှ မည်ကဲ့သို့ ဆောင်ရွက်မည်ကို ပြသသော အစီအစဉ် ဒီဇိုင်းများကို ရေးဆွဲသင့်သည်။ အောက်ဖော်ပြပါစာရင်းမှာ ဤ RFA အရ ဆုချီးမြှင့်ခံရသူများမှ ဖြည့်ဆည်းပေးရမည့် ACE ၏ ရည်မှန်းချက်များတွင် ပါဝင်သည့် အစီအစဉ်၏ ရလာဒ်နယ်ပယ်များ စာရင်းဖြစ်သည်။ အဆိုပြု စီမံကိန်း တစ်ခုသည် ရလာဒ်နယ်ပယ် အချို့ သို့မဟုတ် အကုန်လုံးနီးပါး ရရှိအောင် ဖြည့်ဆည်း ပေးနိုင်သည်၊ သို့သော် ၎င်းတွင် အနည်းဆုံး တစ်ခု ပါဝင်ရမည် ဖြစ်သည်။ လျှောက်ထားသူများသည် ဤရလာဒ်နယ်ပယ်များနှင့် ကိုက်ညီမည့် အညွှန်းကိန်းများကို လျှောက်ထားသူများ၏ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အစီအစဉ်များ၏ အစိတ်အပိုင်း အနေဖြင့် အဆိုပြုရန် မျှော်လင့်သည်။

- ရပ်ရွာလူထုနှင့် ဒေသခံ အာဏာပိုင်များ အကြား ယုံကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးများလာသည်။
- ယုံကြည်မှု နှင့် ပြန်လည် ရင်ကြားစေ့ရေး တိုးမြှင့်လာသည်။
- ရပ်ရွာ လူထု စွမ်းရည်နှင့် ခေါင်းဆောင်မှု စွမ်းရည်များ တိုးတက်လာသည်။
- ရပ်ရွာ လူထု ပူးပေါင်းပါဝင် ဆုံးဖြတ်ချက် ချနိုင်စွမ်း တိုးတက်လာသည်။
- ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီမှု နှင့် ညှိနှိုင်း ဝန်ဆောင်မှု ပေးမှု တိုးတက်လာသည်။
- ပညာရေး လက်လှမ်းမီမှု နှင့် ဝန်ဆောင်မှုများ တိုးတက်လာသည်။
- ရေရှည် တည်တံ့ ခိုင်မြဲသော အသက်မွေး ဝမ်းကျောင်းမှုကို မြှင့်တင်ခဲ့သည်။
- ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းမှု (WASH) တိုးတက်လာသည်။
- သဘာဝဘေး အန္တရာယ်များအတွက် ကြိုတင် ပြင်ဆင်ခြင်း၊ လျှော့ချခြင်း နှင့် တုံ့ပြန်မှုများ အတွက် ရပ်ရွာလူထု စွမ်းရည် တိုးတက်လာသည်။

# ၄။ လျှောက်လွှာတင်သွင်းခြင်း

## ၄.၁ လျှောက်ထားသူ၏ အရည်အချင်းပြည့်မီမှု

ဤယှဉ်ပြိုင်မှုသည် အမေရိကန် ပြည်ထောင်စုတွင် တည်ထောင်ထားခြင်း မဟုတ်သည့်၊ မည်သည့် အကျိုးအမြတ် မယူသော အစိုးရ မဟုတ်သည့် အဖွဲ့အစည်းဖြစ်စေ၊ မြန်မာပြည်တွင်း အခြေပြုသည့် ဒေသခံ အဖွဲ့အစည်းများနှင့် ထိုင်း-မြန်မာ နယ်စပ် တလျှောက်တွင် တည်ရှိသည့် သက်ဆိုင်သော

အဖွဲ့အစည်းများကို ဦးစားပေးရန် ရည်ရွယ်သည်။ ရန်ပုံငွေအတွက် အရည်အချင်း ပြည့်မီစေရန် ရန်ပုံငွေ လျှောက်ထားသူများသည် အနည်းဆုံးအနေဖြင့် ပြည့်စုံတိကျသည့် သတင်း အချက်အလက်မျိုးစုံကို အောက်ဖော်ပြပါ သတ်မှတ်ချက်များအတိုင်း လိုက်နာတင်ပြရမည် ဖြစ်သည်။ အဖွဲ့အစည်းများသည်-

- အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကို သတ်မှတ်ထားသော အချိန်ကာလ တစ်နှစ်အတွင်း ပြီးမြောက်နိုင် ရမည် ဖြစ်သည်။
- လူအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်း နှင့်ပတ်သက်ပြီး အနည်းဆုံး နှစ်နှစ် လုပ်ခဲ့ဖူးသည့် အတွေ့အကြုံ ရှိရမည် ဖြစ်သည်။
- လက်ရှိအချိန်တွင် အစီအစဉ် လုပ်ဆောင်ချက်များ ဆောင်ရွက်မည့် နေရာဒေသကို ပထဝီဝင် လွှမ်းခြုံမှု ရှိရမည် သို့မဟုတ် ယခင်က ထိုဒေသတွင် လုပ်ကိုင်ဖူးသည့် အတွေ့အကြုံနှင့် လျင်မြန်စွာ စတင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် စွမ်းရည် ရှိရမည် ဖြစ်သည်။
- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်း၌ လက်ရှိတွင် လုပ်ကိုင်နေခြင်း သို့မဟုတ် လုပ်ကိုင်နိုင်စွမ်း ရှိသည်ကို အဆိုပြုထားသည့် နည်းပညာ နယ်ပယ်များတွင် ယခင်က လုပ်ခဲ့ဖူးသော အတွေ့အကြုံများ နှင့်တကွ ဖော်ပြရမည်။
- ပစ်မှတ်ထားသော လူစုများနှင့် လက်ရှိတွင် သို့မဟုတ် နောင်တွင် ထိတွေ့ဆက်ဆံမည့် အလားအလာ ရှိရမည် ဖြစ်သည်။

## ၄.၂ ရန်ပုံငွေ ပံ့ပိုးခြင်း

Pact သည် ဤဆုများ ချီးမြှင့်ရာတွင် ကုန်ကျစရိတ်များကို ပြန်လည် ထုတ်ပေးခြင်း သို့မဟုတ် တိကျသည့် ငွေကြေး ပမာဏ သတ်မှတ် ချီးမြှင့်ခြင်းတို့ ပြုလုပ်ရန် ရည်ရွယ်ထားပါသည်။ ထောက်ပံ့ကြေး အမျိုးအစားသည် အစီအစဉ်၏ဖော်ပြချက်နှင့် ဆုများအား မထုတ်ပြန်မီ Pact မှ ပြုလုပ်မည့် ဆုချီးမြှင့်မှု အကြို မိတ်ဖက်အဖွဲ့အား အကဲဖြတ်သည့် ရလဒ်များ အပေါ် မူတည်မည် ဖြစ်သည်။ ရန်ပုံငွေများ ရရှိမှုအပေါ် မူတည်ပြီး Pact အနေဖြင့် လျှောက်ထား အောင်မြင်သူ တစ်ဦးအား အများဆုံး တစ်နှစ် အတွက် ရန်ပုံငွေ ဒေါ်လာ ၁၀၀၀၀၀ အထိ ပေးအပ်မည် ဖြစ်သည်။ Pact သည် လျှောက်လွှာ အောင်မြင်သူများထံသို့ ထောက်ပံ့ကြေး ဆုပေါင်းများစွာ ပေးအပ်မည်ဟု ရည်ရွယ်ထားသည်။ ညှိနှိုင်းမှုများကို လျှောက်ထားလွှာ အောင်မြင်သူများ နှင့်သာ ပြုလုပ်မည် ဖြစ်သည်။ Pact အနေနှင့် ချီးမြှင့်ငွေပမာဏ ကန့်သတ်ခြင်း၊ အမြင့်ဆုံး ဆုကြေးငွေကို သတ်မှတ်ခြင်းနှင့် လုပ်ဆောင်မှု အချိန်ဇယား

များ ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နိုင်ပြီး၊ Pact သည် လျှောက်လွှာ တင်သွင်းသူ မည်သူ့ကို မဆို ဆုချီးမြှင့်ခြင်းဖြစ်စေ သို့မဟုတ် မည်သူ့ကိုမျှ ဖြစ်စေ ဆုမချီးမြှင့်ခြင်းဖြစ်စေ ဆုံးဖြတ် ပိုင်ခွင့်ရှိသည်။

## ၄.၃ လျှောက်လွှာတင်သွင်းသည့် နောက်ဆုံးရက်

လျှောက်လွှာများကို **၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်**၊ မြန်မာ စံတော်ချိန် ညနေ ၅ နာရီတိတိ အချိန်ကို နောက်ဆုံးထား ပေးပို့ရမည် ဖြစ်သည်။

## ၄.၄ နောက်ကျပေးပို့မှုများ၊ ပြင်ဆင်ချက်များ နှင့် လျှောက်လွှာကို ရုပ်သိမ်းခြင်းများ

Pact ၏ ဆုံးဖြတ်ချက်ဖြင့် အတိအကျ သတ်မှတ်ထားသော နေ့ နှင့် အချိန်ကို ကျော်လွန်ပြီး နောက်ကျမှ ရောက်ရှိ လာသည့် မည်သည့် လျှောက်လွှာကို မဆို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။ လျှောက်လွှာများ ကို အီးမေးလ် မှတဆင့် အကြောင်းကြားစာဖြင့် သော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခု သို့မဟုတ် တရားဝင် ကိုယ်စားလှယ်မှ လူကိုယ်တိုင် လာရောက်၍ သော်လည်းကောင်း ရုပ်သိမ်းနိုင်သည်။

## ၄.၅ အငြင်းပွါးမှုများနှင့် ပတ်သက်သည့် စာပိုဒ်

ဤတောင်းခံလွှာနှင့် ရည်ရွယ်ထားသည့် ဆုအား ထုတ်ပေးရေး၊ ပြန်လည် သုံးသပ်ရေး သို့မဟုတ် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သည့် မည်သည့် အဖွဲ့ဝင်များ နှင့်မဆို အတိတ်၊ ပစ္စုပ္ပန် သို့မဟုတ် အနာဂတ် ဆက်ဆံရေးများ ရှိပါက လျှောက်ထားသူများ အနေဖြင့် ဖော်ပြရမည် ဖြစ်သည်။ အပြည့်အဝနှင့် ပွင့်ပွင့်လင်းလင်း မဖော်ပြနိုင်ပါက Pact အနေဖြင့် အလားအလာရှိသည့် လျှောက်ထားသူ တစ်ဦးအား ပြန်လည်စိစစ် ရွေးချယ်ရမည် ဖြစ်သည်။

## ၄.၆ မေးခွန်းများ ပေးပို့နိုင်သည့် နည်းလမ်း

မေးခွန်းများကို အီလက်ထရွန်နစ် နည်းစနစ်ဖြင့် myanmargrants@pactworld.org သို့ ပေးပို့ပါ။ မေးခွန်းများ ပေးပို့နိုင်သည့် နောက်ဆုံး သတ်မှတ်ရက်မှာ **၂၀၂၀ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်၊ ညနေ ၅ နာရီတိတိ** ဖြစ်သည်။

အီးမေးလ် အကြောင်းအရာ (subject) နေရာတွင် “မေးခွန်းများ_RFA ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း_ လျှောက်လွှာ ပေးပို့သည့် အဖွဲ့အစည်း၏ အမည်” ဟု ဖော်ပြရမည် ဖြစ်သည်။

မေးခွန်းများနှင့် အဖြေများ အားလုံးကို စိတ်ဝင်စားသည့် လျှောက်ထားသူများ အားလုံးနှင့် ဝေမျှမည် ဖြစ်သည်။

### ၄.၇ နောက်ဆုံး လျှောက်လွှာ ပေးပို့ရမည့် နည်းလမ်း

မေးခွန်းများကို အီလက်ထရွန်နစ် နည်းဖြင့် myanmargrants@pactworld.org သို့ အီးမေးလ် ပေးပို့ပါ။ ACE သည် ဤ RFA အတွက် စာရွက်ဖြင့် ပေးပို့သည့် လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ။

အီးမေးလ် အကြောင်းအရာ (subject) နေရာတွင် "မေးခွန်းများ_RFA ထိခိုက် နစ်နာလွယ်သော လူထု အသိုင်းအဝိုင်းများ၏ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ခြင်း_လျှောက်လွှာ ပေးပို့သည့် အဖွဲ့အစည်း၏ အမည်" ဟု ဖော်ပြရမည် ဖြစ်သည်။ နည်းပညာ ဆိုင်ရာ လျှောက်လွှာများနှင့် ပူးတွဲဖိုင်များကို **Microsoft Word or Adobe PDF** ဖြင့် ပြင်ဆင် ပေးပို့ရမည် ဖြစ်သည်။ လျာထား ရန်ပုံငွေများအတွက် **Microsoft Excel** ဖြင့် ပြင်ဆင်ပေး ပို့ရမည် ဖြစ်သည်။

### ၄.၈ ထောက်ပံ့ကြေး တောင်းခံသူမျ အလုပ်ရုံ ဆွေးနွေးပွဲ

ရက်စွဲ(များ): ထောက်ပံ့ကြေး တောင်းခံမှု အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို **၂၀၂၀ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ နေ့လည် ၂ နာရီ** တိတိ အချိန်တွင် ကျင်းပမည် ဖြစ်သည်။ လျှောက်ထားသူများ အားလုံး တက်ရောက်ရန် တိုက်တွန်းသော်လည်း အဖွဲ့အစည်းတစ်ခုမှ အများဆုံး လူနှစ်ယောက်သာ တက်ရမည် ဖြစ်သည်။

နေရာ: အွန်လိုင်း၊ အင်တာနက်လင့်ခ် (weblink)ကို တက်ရောက်ရန် အတည်ပြုထားသည့် သူများထံသို့ ပေးပို့ပေးမည် ဖြစ်သည်။

အတည်ပြုခြင်း: တက်ရောက်ရန် သေချာပါက အတည်ပြု အီးမေးလ် တစ်စောင်ကို myanmargrants@pactworld.org သို့ ပေးပို့ရမည် ဖြစ်သည်။

ဘာသာစကား: ညီလာခံ/ဆွေးနွေးပွဲကို မြန်မာနှင့် အင်္ဂလိပ် နှစ်ဘာသာဖြင့် ကျင်းပမည်ဖြစ်သည်။

## ၅။ လျှောက်လွှာပုံစံ

### ၅.၁ ယေဘူယျလိုအပ်ချက်များ

လျှောက်ထားသူများသည် ၎င်းတို့၏ လျှောက်လွှာများကို ၎င်းတို့၏ လိုအပ်ချက်များ အပေါ် နားလည်မှု၊ ၎င်းတို့၏ ယခင် အဖွဲ့အစည်း ဆိုင်ရာ အတွေ့အကြုံနှင့် ၎င်းတို့ ဆုံးဖြတ်ထားသည့် ဖြစ်နိုင်ချေရှိပြီး၊ အောင်မြင်နိုင်မည့် ချဉ်းကပ်မှုများ အပေါ် အခြေခံပြီး တည်ဆောက်ကြ ရမည် ဖြစ်သည်။ ကိစ္စရပ် အားလုံးတွင် လျှောက်ထားသူများသည် အဆိုပြုချက်များအား ချဉ်းကပ်မှုများ၏ အခြေခံ အကြောင်းအရာ

များကို ရှင်းလင်းစွာ တင်ပြရမည် ဖြစ်သည်။ လျှောက်လွှာများကို ပြန်လည် သုံးသပ်ရာတွင် လွယ်ကူချောမွေ့စေရန် Pact သည် အောက်ပါ အချက်များနှင့် ကိုက်ညီသော လျှောက်လွှာများကိုသာ ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။

- လျှောက်လွှာပါ ရေးသားချက်များသည် ရှင်းလင်း၍၊ တိကျပြီး စနစ်တကျ ဖွဲ့စည်းထားရမည်။
- လျှောက်လွှာအား အင်္ဂလိပ်ဘာသာဖြင့် ရေးသားလျှင် Times New Roman စာလုံးဖြင့် ဖောင့်အရွယ်အစား ၁၂ ပွိုင့်၊ တစ်လုံးခြား အကွာအဝေးနှင့် အနားသတ်လိုင်းများတွင် ၁လက်မ/၂.၅ စင်တီမီတာ ကျန်ရှိနေရမည်။
- လျှောက်လွှာ အပြည့်အစုံသည် (နည်းပညာဆိုင်ရာ လျှောက်လွှာ ၁၄ မျက်နှာ နှင့် ကုန်ကျစရိတ်လျှောက်လွှာ ၂ မျက်နှာ အပါအဝင်) ၁၆ မျက်နှာထက် မပိုသင့်ပါ၊ သက်ဆိုင်ရာ အပိုင်းများ အတွက်အများဆုံး လက်ခံသည့် စာမျက်နှာ အရေအတွက် အတိအကျကို အခန်း ၅.၂ နှင့် အခန်း ၅.၃ တွင်ဖော်ပြထားသည်။
- လျှောက်လွှာများကို အင်္ဂလိပ် သို့မဟုတ် မြန်မာ ဘာသာဖြင့် ရေးသားနိုင်သည်။
- စာရွက်များဖြင့် ပြင်ဆင်ထားသည့် လျှောက်လွှာများကို လက်ခံမည် မဟုတ်ပါ။
- သတိပြုရန်မှာ နည်းပညာနှင့် ကုန်ကျစရိတ် လျှောက်လွှာများကို သီးခြားဖိုင်များဖြင့် ပြင်ဆင်ရမည်ဖြစ်သည်။

နောက်ဆုံးရက်အမီ လက်ခံ ရရှိလာသော လျှောက်လွှာများအားလုံးကို ဤလမ်းညွှန်ချက်များနှင့်လျှောက်လွှာပုံစံတွင် ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိမရှိကို ပြန်လည် သုံးသပ်မည်ဖြစ်သည်။ လျှောက်လွှာများအား ပြင်ဆင်ရာတွင် အကဲဖြတ်စိစစ်မှု စံသတ်မှတ်ချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။

## ၅.၂ နည်းပညာဆိုင်ရာ လျှောက်လွှာ

စာမျက်နှာ ၁၅ မျက်နှာဟု ကန့်သတ် ထားပါသည်။

ကျေးဇူးပြု၍ နည်းပညာဆိုင်ရာ လျှောက်လွှာများအတွက် ပူးတွဲ - က (ဆုချီးမြှင့်ခံရသူ ကြုံတွေ့နိုင်သည့်အခက်အခဲ နှင့် တာဝန်ယူမှုအား အကဲဖြတ်ခြင်း မျက်နှာဖုံးစာမျက်နှာ) နှင့် ပူးတွဲ - ခ ရှိ ပုံစံများကိုအသုံးပြုပါ။

**ဆုချီးမြှင့်ခံရသူ ကြုံတွေ့နိုင်သည့် အခက်အခဲ နှင့် တာဝန်ယူမှုအား အကဲဖြတ်ခြင်း မျက်နှာဖုံး စာမျက်နှာ**

(၁ မျက်နှာ)

## ၁။ နည်းပညာဆိုင်ရာ ဆောင်ရွက်မှုနှင့် အစီအစဉ် ဒီဇိုင်း၏ ဖြစ်နိုင်ချေရှိမှု (၅ မျက်နှာ)

- လျှောက်ထားသူ၏ နည်းပညာဆိုင်ရာ ဆောင်ရွက်မှုတွင် ပါဝင်သင့်သည်မှာ
  - စီမံကိန်း၏ ရည်မှန်းချက်နှင့် သက်ဆိုင်သည့် လျှောက်ထားသူ၏ ယခင် အလုပ်အတွေ့အကြုံအား ဖော်ပြချက်
  - ဆောင်ရွက်မည့် နည်းလမ်းနှင့် လုပ်ဆောင်ချက်များအား ဖော်ပြချက်
  - ပထဝီဝင် ဧရိယာ လွှမ်းခြုံမှု ဖော်ပြချက်
  - ပြောင်းလဲမှုသီအိုရီ
  - မျှော်လင့်ထားသည့် ရလာဒ်များ
- လျှောက်လွှာတွင် ဒေသခံ ဆောင်ရွက်သူများနှင့် ချိတ်ဆက်ခြင်း၊ အဓိက ပါဝင် ပတ်သက်သူများ နှင့် မိတ်ဖက် ဖွဲ့ခြင်း၊ နှင့် အခြား ဆက်စပ်နေသည့် ဖွံ့ဖြိုး တိုးတက်ရေး လှုပ်ရှားမှုများ/ အစီအစဉ်များနှင့် ချိတ်ဆက်မှုများ ဖန်တီးခြင်းတို့တွင် လျှောက်ထားသူများ အသုံးပြုမည့် နည်းလမ်းများကို ထည့်သွင်း ဆွေးနွေးသင့်သည်။

## ၂။ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းရေးရာ အစီအစဉ် (၂ မျက်နှာ)

- စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းရေးရာ အစီအစဉ်တွင် စီမံကိန်းတွင် ပါဝင်မည့် ဝန်ထမ်း အားလုံး၏ အခန်းကဏ္ဍ နှင့် တာဝန်များကို ဖော်ပြသင့်သည်။
- လျှောက်ထားသူများသည် စီမံကိန်းတွင် လုပ်ကိုင်မည့် အဓိက ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများ ကိုပါ အကျဉ်းချုပ် ဖော်ပြရမည်။

## ၃။ အတိတ် စွမ်းဆောင်ချက် (၃ မျက်နှာ)

- မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် အဖွဲ့အစည်း၏ ယခင် အတွေ့အကြုံကို ဖော်ပြပါ။

- သက်ဆိုင်သည့် ဒေသခံ အဖွဲ့အစည်းများ၊ ဒေသန္တရ အစိုးရ အဖွဲ့အစည်းများ၊ သုတေသန ပညာရှင်များ၊ ကွန်ယက်များနှင့် အစပျိုးသူများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းများနှင့် ပတ်သက်သည့် အတွေ့အကြုံကို ဖော်ပြပါ။

## ၄။ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းအစီအစဉ် (၂ မျက်နှာ)

- စီမံကိန်းတွင် ဤ RFA ၏ အခန်း ၃.၅ရှိ သက်ဆိုင်သည့် အညွှန်းကိန်းများ နှင့်အညီ အချက်အလက်များကို မည်ကဲ့သို့ စုဆောင်းမည်နှင့် အချက်အလက်များ၏ အရည်အသွေးကို မည်ကဲ့သို့ ထိန်းသိမ်းမည်ကို ဖော်ပြပါ။
- လျှောက်ထားသူသည် အညွှန်းကိန်းများနှင့် ဦးတည်ချက်များကို လိုအပ်သလိုနှင့် သင့်တော်သလို ထပ်တိုး ဖြည့်သွင်းနိုင်သည်။

၅။ **လုပ်ဆောင်မည့် အစီအစဉ်** (၂ မျက်နှာ)

- စီမံကိန်း ဖော်ပြချက်တွင် ရှင်းလင်းစွာ ခွဲခြမ်းစိတ်ဖြာထားသော လှုပ်ရှားမှုများအား လုပ်ဆောင်မည့် အစီအစဉ် အသေးစိတ် နှင့်တကွ လျော်ညီသည့် အချိန်ကာလ သတ်မှတ်ချက်များကို ဖော်ပြပါ။

## ၅.၃ ကုန်ကျစရိတ် လျှောက်လွှာ

(၂) မျက်နှာဟု ကန့်သတ် ထားပါသည်။

ကျေးဇူးပြု၍ လျှာထားရန်ပုံငွေနှင့် ကုန်ကျစရိတ် ခွဲဝေမှု အစီအစဉ်၏ အသေးစိတ် နှင့် အကျဉ်းချုပ် အတွက် ပူးတွဲ (ဂ)ရှိ နမူနာ ပုံစံအား သင့်လျော်သလို အသုံးပြုပါ။ ရသုံးခန့်မှန်းခြေ ငွေစာရင်းသည် အောက်ပါအချက်များကို ထည့်သွင်း စဉ်းစားထားသည့် ခန့်မှန်း ကုန်ကျစရိတ်များ အားလုံး ပါဝင်သင့်သည်။

- **လစာများ/ အပိုအကျိုး ခံစားခွင့်များ :** လခစား ဝန်ထမ်း တစ်ဦးချင်းစီမှ မျှော်လင့် ထားသည့် အားစိုက်ထုတ် မှုနှင့် အပို အကျိုးခံစားခွင့် ကုန်ကျစရိတ်များ အပါအဝင် အဆိုပြု စီမံကိန်းအောက်တွင် လုပ်ကိုင်နေသော ဝန်ထမ်းများ အားလုံးနှင့် ဆက်နွယ်သည့် ကုန်ကျစရိတ် အားလုံးပါဝင်သည်။
- **ခရီး သွားလာရေးနှင့် တစ်ရက်ချင်း အသုံးစရိတ် :** စီမံကိန်းကို အကောင်အထည်ဖော်ရန် လိုအပ်သည့် ဝန်ထမ်းအတွက် ခရီးသွားလာရေး၊ တည်းခိုမှုနှင့် တစ်ရက်ခြင်းအသုံးစရိတ်။
- **ပစ္စည်း ဌားရမ်းခြင်း :** အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန် ဌားရမ်းရမည့် ပစ္စည်း (ဆိုလိုသည်မှာ ယာဉ်များ)
- **အလုပ်ရုံ ဆွေးနွေးပွဲများ/ သင်တန်း/ အခမ်းအနားများ :** အလုပ်ရုံ ဆွေးနွေးပွဲများ၊ သတင်း အချက်အလက် မှတ်တမ်းများကို တည်ဆောက်ခြင်း၊ လေ့လာမှုများ၊ သတင်းအချက်အလက်

ဖြန့်ဝေခြင်း၊ အစရှိသဖြင့်- စီမံကိန်းအောက်ရှိ လုပ်ဆောင်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် တိုက်ရိုက် ဆက်စပ်နေသည့် အခြားသော ကုန်ကျစရိတ်များ။

- **လုပ်ငန်းလည်ပတ်မှု/ စီမံခန့်ခွဲမှု ကုန်ကျစရိတ်များ :** ငှားရမ်းခ၊ ဆက်သွယ်ရေးများ၊ တယ်လီဖုန်း၊ စာရင်းစစ်နှင့် ရုံးသုံးပစ္စည်းများ။ Pact အနေဖြင့် ရုံးစတင် လည်ပတ်သည့် ကုန်ကျ စရိတ်များ သို့မဟုတ် အဆိုပြုလွှာ ပြင်ဆင်သည့် ကုန်ကျ စရိတ်များကို ငွေကြေး ထောက်ပံ့ပေးမည် မဟုတ်ပါ။
- **ကုန်ကျစရိတ် ခွဲဝေမှု သို့မဟုတ် ကိုက်ညီမှု :** လျှောက်ထားသူများကို လျှောက်ထားရန် တိုက်တွန်းသော်လည်း၊ ဤစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ၎င်းတို့၏ ကိုယ်ပိုင်၊ ပုဂ္ဂလိက သို့မဟုတ် ဒေသတွင်း အရင်းအမြစ်များကို ထည့်သွင်း ပံ့ပိုးရန် မလိုအပ်ပါ။ ကုန်ကျစရိတ် ခွဲဝေမှုဆိုသည်မှာ ဆုလက်ခံရရှိသူမှ သဘောတူညီချက် တစ်ခု၏ စုစုပေါင်း ကုန်ကျစရိတ်ကို ပံ့ပိုးသော အရင်းအမြစ်များကို ဆိုလိုသည်။ ကုန်ကျစရိတ် ခွဲဝေမှုသည် ငွေကြေး သို့မဟုတ် လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးခြင်းများ ဖြစ်ပြီး အဓိပ္ပါယ် ဖွင့်ဆိုချက် အရ USG ရန်ပုံငွေများ သို့မဟုတ် USG ရန်ပုံငွေ ဖြင့် ပံ့ပိုးထားသော ပစ္စည်းများ မပါဝင်ပါ။ ကုန်ကျစရိတ် ခွဲဝေမှုအား အစီအစဉ် ရည်မှန်းချက်များ ပြီးမြောက်အောင် ဆောင်ရွက်ရန် အတွက် အသုံးပြုရမည်ဖြစ်ပြီး၊ USG ၏ ကုန်ကျစရိတ် အခြေခံမှုများအရ ခွင့်ပြုထားသော ကုန်ကျစရိတ်များသာ ပါရှိရမည် (နောက်ထပ် အသေးစိတ်ကို 2 CFR 200.306 တွင်ကြည့်ပါ)။ ကုန်ကျစရိတ် ခွဲဝေမှု အဆိုပြုချက်အား ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းရမည် ဖြစ်သည်။

## ၅.၄ သက်ဆိုင်သည့် စာရွက်စာတမ်းများ

လျှောက်ထားသူများသည် မှတ်ပုံတင် သို့မဟုတ် ထောက်ခံစာများ နှင့် ဒေသန္တရ အစိုးရများ/ အာဏာပိုင်များထံမှ အသိအမှတ်ပြု လက်မှတ်များကဲ့သို့သော အခြားသက်ဆိုင်သည့် စာရွက်စာတမ်းများ ရှိပါက တင်ပြပေးရန် လိုအပ်ပါသည်။ ထို စာရွက်စာတမ်းများကို နည်းပညာနှင့် ကုန်ကျစရိတ် လျှောက်ထားခြင်းများအတွက် ကန့်သတ်ထားသည့် စာမျက်နှာ အရေအတွက်တွင် ထည့်တွက်မည် မဟုတ်ပါ။

# ၆။ လျှောက်လွှာများကို အကဲဖြတ် သုံးသပ်ခြင်း

## ၆.၁ ပြန်လည်သုံးသပ်မှုလုပ်ငန်းစဉ်

ACE သည် ဌာနပေါင်းစုံမှ ကိုယ်စားလှယ်များနှင့် ပြင်ပမှ ဝန်ထမ်းများ ပါဝင်သည့် နည်းပညာဆိုင်ရာ ပြန်လည် သုံးသပ်ရေး ကော်မတီတစ်ခုကို ဖွဲ့စည်းမည် ဖြစ်သည်။ အငြင်းပွါးမှု တစ်စုံတရာ

မပေါ်ပေါက်စေရန် အတွက် နည်းပညာ ဆိုင်ရာ ပြန်လည် သုံးသပ်သူ အားလုံးသည် စိစစ်ရေး လုပ်ငန်းစဉ် တစ်ခုတွင် ပါဝင်ရမည် ဖြစ်သည်။ အကဲဖြတ်မှုသည် အခန်း ၆.၂ တွင် ကြိုတင် သတ်မှတ်ထားသော စံသတ်မှတ်ချက်များ အပေါ်တွင် အခြေခံမည် ဖြစ်သည်။ လုပ်ငန်းစဉ်သည် ခန့်မှန်းခြေအားဖြင့် ရုံးတက်သည့်နေ့ ၁၅ ရက်အတွင်း ပြီးမြောက်မည် ဖြစ်သည်။ အကဲဖြတ်ရေး အဖွဲ့သည် အောက်တွင် အသေးစိတ် ဖော်ပြထားသည့် စံသတ်မှတ်ချက်များကို အသုံးပြု၍ လျှောက်လွှာများကို အဆင့်သတ်မှတ်မည် ဖြစ်ပြီး၊ စီမံကိန်း၏ ရန်ပုံငွေ စီမံခန့်ခွဲမှုဌာနသို့ ရန်ပုံငွေအတွက် အကြံပြုချက်များ ပေးမည် ဖြစ်သည်။

Pact သည် ဆုများကို အရေအတွက် မည်မျှ ပေးသည်ဖြစ်စေ၊ လုံးဝ မပေးသည်ဖြစ်စေ ဆုံးဖြတ် ပိုင်ခွင့် ရှိသည်။ Pact တွင် လျှောက်လွှာ ပြင်ဆင်ခြင်းများ အတွက် ကုန်ကျသည့် မည်သည့် ကုန်ကျစရိတ်များကို မဆို တာဝန်ယူမည် မဟုတ်ပါ။

လျှောက်လွှာများအား ပြန်လည် သုံးသပ်ရာတွင် လွယ်ကူစေရန်၊ လျှောက်ထားသူများသည် ရွေးချယ်ရာတွင် အသုံးပြုမည့် စံသတ်မှတ်ချက်၏ ခေါင်းစဉ်များအတိုင်း၊ အစဉ်အလိုက် လျှောက်လွှာ၏ အပိုင်းအားလုံးကို ပြင်ဆင် ရေးသားရမည် ဖြစ်သည်။

## ၆.၂ လျှောက်လွှာအား အကဲဖြတ် သုံးသပ်သည့် စံသတ်မှတ်ချက်များ

လျှောက်လွှာများကို အကဲဖြတ်ရာတွင် Pact သည် အောက်ပါ ဇယားတွင် ဖော်ပြထားသည့် အတိုင်း အလုံးစုံ ကောင်းကျိုးနှင့် ဖြစ်နိုင်ချေရှိမှုကို သာမက၊ အစိတ်အပိုင်း တစ်ခုချင်းစီနှင့် သက်ဆိုင်သည့် စံသတ်မှတ်ချက်များကို အသုံးပြုကာ စစ်ဆေးမည် ဖြစ်သည်။ ဤစံနှုန်းများသည် လျှောက်လွှာများ အားလုံးကို အကဲဖြတ်မည့် အခြေခံ စံနှုန်းများ ဖြစ်သည်သာမက၊ ၎င်းတို့၏ လျှောက်လွှာများတွင် ဖော်ပြသင့်သည့် သိသာထင်ရှားသည့် ကိစ္စရပ်များကို ခွဲခြမ်းစိတ်ဖြာနိုင်ရန် အသုံးပြုမည်ကို လျှောက်ထားသူများ အနေဖြင့် သတိပြုသင့်သည်။ Pact သည် လျှောက်လွှာများ အားလုံးကို အောက်ဖော်ပြပါ ဇယားတွင် ထည့်သွင်းထားသည့် သတ်မှတ်ချက်များနှင့် အညီ အကဲဖြတ်ရန် နည်းပညာ ဆိုင်ရာ ပြန်လည်သုံးသပ်ရေး ကော်မတီအား ညွှန်ကြားမည် ဖြစ်သည်။

| အကဲဖြတ် စံနှုန်းများ | ရမှတ်များ |
|---|---|
| ၁။ နည်းပညာဆိုင်ရာ ချဉ်းကပ်မှုနှင့် စီမံကိန်း ဒီဇိုင်း၏ ဖြစ်နိုင်ချေရှိမှု | ၃၅ |

| အကဲဖြတ် စံနှုန်းများ | ရမှတ်များ |
|---|---|
| ဒေသဆိုင်ရာ အခြေအနေများနှင့် လိုအပ်ချက်များကို ဖော်ပြ ရေးဆွဲထားသည့် ဒီဇိုင်း တစ်ခုအား ခိုင်မာသည့် နည်းပညာ ဒီဇိုင်းတစ်ခုဟု ပြန်လည်သုံးသပ်ရေး အဖွဲ့အနေဖြင့် သတ်မှတ်သည်။ ၎င်းတွင် အခြားဆောင်ရွက်သူများ နှင့်/ သို့မဟုတ် အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ အပါအဝင် အခြားသော ကြိုးပမ်းမှုများ -သို့မဟုတ်- လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဖော်ပြရမည် ဖြစ်သည်။ အဆိုပြုလွှာများကို အခန်း ၃ တွင် ဖော်ပြထားသော နည်းပညာနယ်ပယ် ဖော်ပြချက်များနှင့် အညီ ပြင်ဆင်ရမည်။ | |
| **၂။ စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းရေးရာ အစီအစဉ်**<br>၎င်း RFA နှင့်အညီ အဆိုပြုလုပ်ရှားမှုများကို ထိရောက်စွာ အကောင်အထည် ဖော်မည့် လျှောက်ထားသူ၏ စွမ်းရည်ကို စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းရေးရာ အစီအစဉ်များက မည်မျှအထိ ဖော်ပြနိုင်သည်ကို ပြန်လည်သုံးသပ်ရေး အဖွဲ့မှ အကဲဖြတ်မည် ဖြစ်သည်။ ပြန်လည် သုံးသပ်သူများသည် ဖော်ပြထားသော ရလာဒ်များ ရရှိအောင် အဖွဲ့အစည်း အနေဖြင့် လုံလောက်သော ကြိုးစားအားထုတ်မှု အဆင့်ဖြင့် အဆိုပြုထားခြင်း ရှိမရှိကို လည်း အကဲဖြတ်မည် ဖြစ်သည်။ | ၁၀ |
| **၃။ အတိတ် စွမ်းဆောင်ချက်**<br>ပြန်လည် သုံးသပ်သူများသည် အဖွဲ့အစည်း အနေဖြင့် သတ်မှတ်ထားသော ပထဝီဝင် ဧရိယာများ အတွင်း အရွယ်အစားနှင့် နယ်ပယ် တူညီသော စီမံကိန်းများအား အောင်မြင်စွာ စီမံခန့်ခွဲ နိုင်ခဲ့ခြင်း ရှိမရှိကို အကဲဖြတ်မည် ဖြစ်သည်။ | ၁၅ |
| **၄။ စောင့်ကြည့် လေ့လာခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း အစီအစဉ်**<br>ပြန်လည် သုံးသပ်သူများသည် လျှောက်ထားသူများ အနေဖြင့် အခန်း ၃.၅ရှိ သက်ဆိုင်သည့် အညွှန်းကိန်းများကို အသုံးပြုပြီး အချက်အလက်များကို မည်သို့ ကောက်ယူမည်၊ အချက်အလက်များ၏ အရည်အသွေးကို မည်သို့ ထိန်းသိမ်းမည် နှင့် ပြောင်းလဲ တိုးတက်မှုများကို မည်သို့ တိုင်းတာ မည်တို့နှင့် ပတ်သက်ပြီး လည်းကောင်း၊ လျှောက်ထားသူများမှ ထပ်မံ ထည့်သွင်းလိုသည့် အဆိုပြု အညွှန်းကိန်းများ ရှိသည်ဆိုပါက ၎င်းတို့အပေါ်တွင် လည်းကောင်း အကဲဖြတ်မည် ဖြစ်သည်။ ပြန်လည်သုံးသပ်သူများသည် ပစ်မှတ်ထားသည့် အဆိုပြု အညွှန်းကိန်းများ၏ ဖြစ်နိုင်ချေရှိမှုကို အကဲဖြတ်ရန်နှင့်၊ | ၅ |

| အကဲဖြတ် စံနှုန်းများ | ရမှတ်များ |
|---|---|
| ပြန်လည်တွေးတောခြင်း နှင့် သင်ယူခြင်းအတွက် အချက်အလက်များအား အသုံးပြုရန် အစီအစဉ်တစ်ခု လျှောက်လွှာတွင် ပါဝင်မှုအတိုင်းအတာကို ထည့်သွင်း စဉ်းစားမည် ဖြစ်သည်။ | |
| **၅။ လုပ်ဆောင်မည့် အစီအစဉ်**<br>ပြန်လည် သုံးသပ်သူများသည် လုပ်ရှားမှုများကို အကောင်အထည်ဖော်ရန် အဆိုပြုထားသည့် အချိန်ဇယား၏ ဖြစ်နိုင်ချေရှိမှုကို အကဲဖြတ်မည် ဖြစ်သည်။ | ၁၀ |
| **၆။ ကုန်ကျစရိတ်ကို အကဲဖြတ် သုံးသပ်ခြင်း**<br>ကုန်ကျစရိတ် လျှောက်လွှာကို ကျိုးကြောင်းဆီလျော်မှု၊ ခွဲဝေချထားမှု၊ ခွဲဝေပေးနိုင်မှု၊ ကုန်ကျစရိတ် သက်သာမှု၊ လက်တွေ့ကျမှု နှင့် ဘဏ္ဍာရေးအရ ဖြစ်နိုင်ချေရှိမှုတို့အပေါ် မူတည်ပြီး အကဲဖြတ်မည် ဖြစ်သည်။<br><br>လျှောက်ထားသူမှ ကုန်ကျစရိတ် လျှောက်လွှာအား မည်ကဲ့သို့ သတ်မှတ်ထားသည် ဖြစ်စေ၊ ဤ RFA အတွက် ရွေးချယ်ထားသည့် ထောက်ပံ့ရန်ပုံငွေ ချီးမြှင့်ခြင်းများအတွက် ရရှိမည့် ပမာဏကို Pact မှ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ | ၂၅ |
| **စုစုပေါင်း** | **၁၀၀** |

## ၆.၃ ဆုချီးမြှင့်မှုအကြို အကဲဖြတ် စစ်ဆေးခြင်း/ လုပ်ငန်းခွင် ကွင်းဆင်းခြင်းများအတွက် အထောက်အကူပြု စာရွက်စာတမ်းများ

လျှောက်လွှာအား အကဲဖြတ်သုံးသပ် ပြီးသည့်နောက်၊ Pact သည် အဖွဲ့အစည်းအနေဖြင့် အဆိုပြုလျှောက်ထားသည့် ထောက်ပံ့ကြေးအတွက် ချမှတ်ထားသော စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့် အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည် ရှိ၊မရှိကို ဆုံးဖြတ်ရန်အတွက် ရွေးချယ်ခံရသည့် မည်သည့် လျှောက်ထားသူ မဆို ဆုချီးမြှင့်မှု အကြို ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ် စစ်ဆေးမှု တစ်ခုကို ပြီးမြောက်ရန် လိုအပ်မည် ဖြစ်သည်။ ဆုချီးမြှင့်မှု အကြို အကဲဖြတ် စစ်ဆေးမှု လုပ်ငန်းစဉ်၏ တစိတ်တပိုင်း အနေဖြင့် အဖွဲ့အစည်းသည် ထောက်ပံ့ ချီးမြှင့်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စွမ်း ရှိကြောင်း ဖော်ပြရန်အတွက် လျှောက်ထားသူများမှ စာရွက်စာတမ်းများ ထပ်ဆောင်း တင်ပြရန် လိုအပ်နိုင်သည်။ ဤဒေသများ အတွင်းရှိ အဖွဲ့အစည်းအား အကဲဖြတ် သုံးသပ်နိုင်ရန် အတွက် Pact ဝန်ထမ်းများမှ ကွင်းဆင်း လေ့လာမှုများ ဆောင်ရွက်မည် ဖြစ်သည်။

## ၇။ စည်းကမ်းများနှင့် သတ်မှတ်ချက်များ

### ၇.၁ စံပြဌါန်းချက်များ

အမေရိကန် နိုင်ငံသား မဟုတ်သည့်၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ အတွက် ပြဌါန်းထားသည့် စံပြဌါန်းချက်များကို ဤ ထောက်ပံ့ချီးမြှင့်ဆုများအတွက် သက်ရောက်စေမည် ဖြစ်သည်။ လျှောက်ထားသူများသည် စံပြဌါန်းချက်များကို https://www.usaid.gov/sites/default/files/documents/1868/303mab.pdf တွင် ရှာဖွေနိုင်သည်။ ပုံနှိပ် ထုတ်ဝေထားသည့် ဤစံပြဌါန်းချက်များကိုလည်း တောင်းဆို ရယူနိုင်ပါသည်။ မြန်မာနိုင်ငံနှင့် အထူးသက်ဆိုင်သည့် USAID စံပြဌါန်းချက်များနှင့် ACE ၏ သမဝါယမ သဘောတူညီချက်ကိုလည်း သင့်လျော်သလို အသုံးပြုမည် ဖြစ်သည်။

### ၇.၂ အသုံးပြုခွင့်နှင့် ထုတ်ဖော်ခွင့်

ဤ RFA အရ လျှောက်လွှာတင်သွင်းခြင်းအားဖြင့် လျှောက်ထားသူသည် ရွေးချယ်ခြင်း လုပ်ငန်းစဥ်တွင် ပါဝင်သည့် ပြန်လည်သုံးသပ်သူများအား လျှောက်ထားသူ တင်ပြသော စာရွက်စာတမ်းများကို ထုတ်ဖော်ရန် သဘောတူပြီး ဖြစ်သည်။ ပြန်လည်သုံးသပ်သူများ အားလုံးသည် ထုတ်ဖော်ခွင့်မရှိသော သဘောတူညီချက်များနှင့် ဆက်စပ်နေကြောင်း ကျေးဇူးပြု၍ မှတ်သားပေးပါ။

### ၇.၃ ငြင်းဆိုချက်များ

- Pact သည် တောင်းဆိုချက်များကို ပယ်ဖျက်နိုင်ပြီး မည်သည့် ရန်ပုံငွေ ချီးမြှင့်ခြင်းမျိုးကိုမှ မလုပ်ပိုင်ခွင့် ရှိသည်။
- Pact သည် လက်ခံရရှိသော မည်သည့် လျှောက်လွှာကိုမဆို သို့မဟုတ် အားလုံးကို ငြင်းပယ်နိုင် သည်။
- Pact သည် ဤစာရွက်တွင် ဖော်ပြထားသည့် RFA သို့မဟုတ် ဆုချီးမြှင့်ငွေပမာဏ ကန့်သတ်ချက် သို့မဟုတ် အချိန်ကာလ အပိုင်းအခြားကို ပြင်ဆင်နိုင်ခွင့် ရှိသည်။
- တောင်းဆိုချက်များအား ခွင့်ပြုပေးခြင်းသည် Pact မှ ဆုများ ပေးအပ်မည်ဟု ကတိကဝတ်ပြုခြင်း မဟုတ်ပါ။
- လျှောက်ထားသူမှ တောင်းခံလွှာပါ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက မည်သည့် လျှောက်လွှာကို မဆို အရည်အချင်း မပြည့်မီသော လျှောက်လွှာအဖြစ် Pact တွင် သတ်မှတ် ပိုင်ခွင့်ရှိသည်။
- Pact မှ လျှောက်ထားသူများအား တောင်းခံလွှာများကို ပြင်ဆင်ခြင်းများအတွက် ကျသင့်ငွေများကို ပြန်ထုတ်ပေးမည် မဟုတ်ပါ။

- Pact အနေဖြင့် ထပ်မံ ဆွေးနွေးမှုများ မပြုလုပ်ပဲ လျှောက်လွှာများအား ကနဦး အကဲဖြတ် သုံးသပ်ချက်များ အပေါ် မူတည်ပြီး ဆုချီးမြှင့်ခြင်းကို လုပ်ဆောင်ပိုင်ခွင့် ရှိသည်။
- Pact သည် တောင်းခံလွှာများတွင် ပါဝင်သည့် လုပ်ဆောင်ချက်များ၏ တစ်စိတ်တစ်ပိုင်းကိုသာ ရွေးချယ် ချီးမြှင့်ပိုင်ခွင့် သို့မဟုတ် တောင်းခံလွှာပါ လုပ်ဆောင်ချက်များအပေါ် အခြေခံ၍ ဆုအများ အပြား ချီးမြှင့်ပိုင်ခွင့် ရှိသည်။
- ပြိုင်ဆိုင်မှုများ တိုးတက်စေရန် ဆုချီးမြှင့်မည့် ဆုံးဖြတ်ချက်များ မချခင် ပြင်ဆင်နိုင် သေးသည့် လျှောက်လွှာပါ အသေးစား အမှားများကို သက်ညှာ ပေးပိုင်ခွင့် Pact တွင် ရှိသည်။
- ဆက်သွယ်ရမည့်သူ၊ လိပ်စာအား အတည်ပြုရန် နှင့် လျှောက်လွှာသည် ဤတောင်းခံလွှာအတွက် လျှောက်ထားခြင်း ဖြစ်ကြောင်းကို အတည်ပြုရန်အတွက် Pact သည် လျှောက်ထားသူများကို ဆက်သွယ်နိုင်သည်။
- Pact သည် လျှောက်ထားသူအား ကြိုတင် အကြောင်းကြားခြင်း မရှိပဲ အတိတ် စွမ်းဆောင်ချက်တွင် ဖော်ပြခဲ့သည့် ထောက်ခံပေးနိုင်သည့် သူများအား ဆက်သွယ်နိုင်သည်။ Pact သည် လျှောက်ထားသူများ လျှောက်လွှာတွင် စာရင်းမဖော်ပြခဲ့သည့် အခြားသော အတိတ် စွမ်းဆောင်ချက် အချက်အလက် အရင်းအမြစ်များ နှင့်လည်း ဆက်သွယ်ခွင့် ရှိသည်။
- လျှောက်လွှာအား ပေးပို့လိုက်သည်နှင့် လျှောက်ထားသူများသည် စည်းကမ်းများနှင့် သတ်မှတ်ချက် များကို နားလည်ကြောင်း အတည်ပြုပြီး ဖြစ်ပါသည်။

## ၈။ ပူးတွဲစာရွက်များ

အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ဤ RFA ၏ အစိတ်အပိုင်း အဖြစ် သတ်မှတ်သည်။

က။ ဆုချီးမြှင့်ခံရသူ ကြုံတွေ့နိုင်သည့် အန္တရာယ်နှင့် တာဝန်ယူမှုအား အကဲဖြတ် စစ်ဆေးခြင်း မျက်နှာဖုံး စာမျက်နှာ

ခ။ နည်းပညာဆိုင်ရာ လျှောက်လွှာပုံစံ

ဂ။ ကုန်ကျစရိတ် လျာထားငွေစာရင်း လျှောက်လွှာပုံစံ